# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

## (၄-၁-၂၀၂၀ ရက်နေ့မှ ၂၄-၃-၂၀၂၀ ရက်နေ့ထိ)

## (၂၄-၃-၂၀၂၀) ရက်နေ့ ည (၈:၁၅) နာရီ

## ၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၃-၃-၂၀၂၀)ရက်နေ့ မြန်မာစံတော်ချိန် (၂၃:၂၉)နာရီအချိန် ရရှိသော သတင်းအချက်အလက်များအရ ထုတ်ပြန်ချက်)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် သတင်းအချက်အလက်များအား တစ်နေ့လျှင်တစ်ကြိမ်သာ ထုတ်ပြန်ဖော်ပြလေ့ရှိပါသည်။ သို့ဖြစ်ပါ၍ အခြားသတင်းဌာနများ၌ ဖော်ပြသောအချက်အလက်များနှင့် အနည်းငယ်ကွဲလွဲမှုရှိနိုင်ပါသည်။

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံနှင့်နယ်မြေဒေသစုစုပေါင်း - (၁၈၉) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၃၃၄,၉၈၁) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၁၄,၆၅၂) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၄.၄) %
- **ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ-**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၁,၆၀၃ | ၃,၂၇၆ |
| ၂ | အီတလီ | ၅၉,၁၃၈ | ၅,၄၇၆ |
| ၃ | အမေရိကန် | ၃၁,၅၇၃ | ၄၀၂ |
| ၄ | စပိန် | ၂၈,၅၇၂ | ၁,၇၂၀ |
| ၅ | ဂျာမနီ | ၂၄,၇၇၄ | ၉၄ |
| ၆ | အီရန် | ၂၃,၀၄၉ | ၁,၈၁၂ |
| ၇ | ပြင်သစ် | ၁၅,၈၂၁ | ၆၇၄ |
| ၈ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၉၆၁ | ၁၁၁ |
| ၉ | ဆွစ်ဇာလန် | ၆,၉၇၁ | ၆၀ |
| ၁၀ | အင်္ဂလန် | ၅,၆၈၃ | ၂၈၁ |
| ၁၁ | နယ်သာလန် | ၄,၂၀၄ | ၁၇၉ |

| | | | |
|---|---|---|---|
| ၁၂ | သြစတြီးယား | ၃,၆၃၁ | ၁၆ |
| ၁၃ | ဘယ်လ်ဂျီယံ | ၃၄၀၁, | ၇၅ |
| ၁၄ | နော်ဝေ | ၂,၁၃၂ | ၇ |
| ၁၅ | ဆွီဒင် | ၁,၉၀၆ | ၂၁ |
| ၁၆ | သြစတေးလျ | ၁,၇၀၉ | ၇ |
| ၁၇ | ပေါ်တူဂီ | ၁,၆၀၀ | ၁၄ |
| ၁၈ | ဒိန်းမတ် | ၁,၃၉၅ | ၁၃ |
| ၁၉ | ကနေဒါ | ၁,၃၈၄ | ၁၉ |
| ၂၀ | မလေးရှား | ၁,၃၀၆ | ၁၁ |
| ၂၁ | တူရကီ | ၁,၂၃၆ | ၃၀ |
| ၂၂ | ချက်ပြည်သူ့သမ္မတနိုင်ငံ | ၁,၁၆၅ | ၁ |
| ၂၃ | ဂျပန် | ၁,၀၈၉ | ၄၁ |
| ၂၄ | အစ္စရေး | ၁,၀၇၁ | ၁ |
| ၂၅ | အိုင်ယာလန် | ၉၀၆ | ၄ |
| ၂၆ | ဘရာဇီး | ၉၀၄ | ၁၁ |
| ၂၇ | လူဇမ်ဘခ် | ၇၉၈ | ၈ |
| ၂၈ | ပါကစ္စတန် | ၇၈၄ | ၅ |
| ၂၉ | ထိုင်း | ၇၂၁ | ၁ |
| ၃၀ | ပိုလန် | ၆၃၄ | ၇ |
| ၃၁ | ချီလီ | ၆၃၂ | ၁ |
| ၃၂ | ဖင်လန် | ၆၂၆ | ၁ |
| ၃၃ | ဂရိ | ၆၂၄ | ၁၅ |
| ၃၄ | အင်ဒိုနီးရှား | ၅၇၉ | ၄၉ |
| ၃၅ | အိုက်စလန် | ၅၆၈ | ၁ |
| ၃၆ | ဆော်ဒီအာရေးဗျ | ၅၆၂ | ၀ |
| ၃၇ | အီကွေဒေါ | ၅၃၂ | ၇ |

**မှတ်ချက်။** ဓါတ်ခွဲအတည်ပြုလူနာ (၅၀၀)ဦးနှင့် အထက်ရှိသော နိုင်ငံများအား ရွေးချယ်ထုတ်နှုတ် ၍ ဖော်ပြခြင်းဖြစ်ပါသည်။

- ကမ္ဘာပေါ်တွင် နိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံနှင့် နယ်မြေဒေသ စုစုပေါင်း (၁၁၃ ) နိုင်ငံ/ ဒေသ ရှိပါသည် -

| | | | |
|---|---|---|---|
| (၁) | ဥရောပဒေသ | - | ၄၈ နိုင်ငံ |
| (၂) | အမေရိကဒေသ | - | ၁၇ နိုင်ငံ |
| (၃) | အရှေ့အလယ်ပိုင်းဒေသ | - | ၁၄ နိုင်ငံ |
| (၄) | အနောက်ပစိဖိတ်ဒေသ | - | ၁၂ နိုင်ငံ |
| (၅) | အာဖရိကဒေသ | - | ၁၀ နိုင်ငံ |
| (၆) | အရှေ့တောင်အာရှဒေသ | - | ၆ နိုင်ငံ |
| (၇) | နယ်မြေဒေသ | - | ၆ ဒေသ |

၂။ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၄-၃-၂၀၂၀)ရက်နေ့၊ နေလယ် (၁၂:၀၀)နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် အခြေအနေများမှာ -

- စောင့်ကြည့်လူနာ (PUI-Person Under Investigation) (၂၃၅) ဦးနှင့် သံသယလူနာ (၂) ဦး အပါအဝင် စုစုပေါင်း (၂၃၇) ဦးရှိပြီး ၎င်းတို့အနက် -
  - COVID-19 ရောဂါပိုး တွေ့ရှိရသူ - (၂) ဦး၊
    (စောင့်ကြည့်လူနာ (၁)ဦး Facility Quarantine (၁) ဦး)
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ - (၂၁၀) ဦး
  - ဓာတ်ခွဲနမူနာရယူရန် ပေးပို့ဆဲ - (၂၆) ဦး
  - ရောဂါသက်သာ ပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရရှိသူ - (၁၃၄) ဦး
  - COVID-19 ရောဂါပိုးမတွေ့ရှိရသော်လည်း အခြားရောဂါများဖြင့် သေဆုံးသူ - (၁၃) ဦး
  - ၎င်းတို့မှာ- နာတာရှည်ဆီးချိုရောဂါနှင့် နှလုံးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၄) ဦး၊ တီဘီရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၁) ဦး၊ နာတာရှည် ကျောက်ကပ်ရောဂါဖြင့်သေဆုံးသူ (၂) ဦး၊ နာတာရှည် အဆုတ်ပွရောဂါဖြင့် သေဆုံးသူ (၁) ဦး၊နာတာရှည်အသည်းရောဂါအခံရှိသူ (၁) ဦး၊ ဘက်တီးရီးယားပိုးကြောင့် သွေးဆိပ်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၃) ဦးနှင့် လတ်တလောအသက်ရှုလမ်းကြောင်းပိုးဝင်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် သေဆုံးသူ (၁) ဦး တို့ဖြစ်ကြပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၄-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီး

တွင် (၉၃) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၄၁) ဦး၊ ရှမ်းပြည်နယ်တွင် (၄၁) ဦး၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၆၂) ဦး၊ စုစုပေါင်း (၂၃၇) ဦးတို့ဖြစ်ပါသည်။

၄။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများနှင့် ဟိုတယ်အဆောက်အဦများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၄-၃-၂၀၂၀) ရက်နေ့အထိ အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူ စုစုပေါင်း (၂၈၂) ဦးရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများ (Hospital Quarantine)

- တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး - ၁၂၆ ဦး
- မန္တလေးမြို့ ကန်တော်နဒီဆေးရုံ - ၆၇ ဦး
- ဝေဘာဂီအထူးကုဆေးရုံ - ၅၉ ဦး
- ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိဆေးရုံများ - ၃၀ ဦး

ဟိုတယ်/အဆောက်အဦများ (Hotel /Facility Quarantine) တွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၄-၃-၂၀၂၀) ရက်နေ့အထိ အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူ စုစုပေါင်း (၂၁၈) ဦး ရှိပါသည်။

- Hotel Quarantine - ၁၅၈ ဦး
- Facility Quarantine - ၆၀ ဦး
- ယခုအခါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိနိုင်ရန် ဓာတ်ခွဲနမူနာအရေအတွက် တိုးမြှင့်စစ်ဆေးခြင်းကို လုပ်ဆောင်လျက်ရှိရာ ဆေးရုံများနှင့် ဟိုတယ်အဆောက်အဦများတွင် အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူများအနက် (၂၁၁) ဦးအား ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခဲ့ရာ ၎င်းတို့တွင် COVID-19 ရောဂါပိုးမတွေ့ရှိရကြောင်း သိရှိရပါသည်။

၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါပိုးတွေ့ရှိသူ များနှင့် အနီးကပ်ထိတွေ့ ဆက်ဆံသူများအားလုံးအား အမြန်ဆုံး ရှာဖွေစုံစမ်းဖော်ထုတ်ပြီး အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်းများပြုလုပ်လျက်ရှိပြီး ကျန်းမာရေးအသိပညာပေးခြင်း၊ မှန်ကန်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခြင်းတို့အား ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များ၊ အကြံပြုချက်များအား လူတိုင်းတိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် COVID-19

ရောဂါဖြစ်ပွားပျံ့နှံ့မှုနှင့် ထိခိုက်ပျက်ဆီးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော် အပ်ပါသည်။